Max Myanmar Group

# Newsletter

July 2020 Edition




## cfi.coမှ မက်စ်မြန်မာအုပ်စုသို့ Sustainability Strategy Myanmar 2020ဆု ပေးအပ်ချီးမြှင့်

စာ-၄



မက်စ်မြန်မာအုပ်စု **4th Quarter Meeting** နိုဗိုတယ်ဟိုတယ်၌ ကျင်းပပြုလုပ်

စာ-၃




ကိုဗစ်ကာကွယ်ကုသရေး ဧရာဝတီဖောင်ဒေးရှင်းမှ ဆက်လက်ကူညီဆောင်ရွက်ပေးနေ

စာ-၈




တစ်လတာ မက်စ်မြန်မာ
သတင်းဖွယ်ဖွယ်ရာရာ
...........
၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄




HRဆောင်းပါး ~ Video
Conferencing လုပ်ဆောင်ရာတွင်
လိုက်နာသင့်သည့်အချက် ၁၂ချက်
..........
၈၊ ၉၊ ၁၀




ရသဆောင်းပါး ~
အမှတ်တရ(၄)
...........
၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉



Other News
..........
၂၀၊ ၂၁




Sports News
..........
၂၂၊ ၂၃



Health Care
..........
၂၄

CONTENTS



# မက်စ်မြန်မာအုပ်စု 4th Quarter Meeting ကျင်းပ လုပ်ငန်းအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန်၊ ဇွန် ၂၄

မက်စ်မြန်မာအုပ်စု၏ စတုတ္ထ ၃လပတ် အစည်းအဝေးကို ၂၀၂၀ခုနှစ် ဇွန်လ ၂၃ရက်နေ့နှင့် ၂၄ရက်နေ့တို့တွင် နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌဦးဇော်ဇော်နှင့် ဒုတိယဥက္ကဋ္ဌများ၊ Group Managementနှင့် ကုမ္ပဏီခွဲအသီးသီးမှ အုပ်ချုပ်မှုတာဝန်ခံများ တက်ရောက်ခဲ့ကြကာ လုပ်ငန်းအခြေအနေများနှင့် နောက်ဘဏ္ဍာရေးနှစ်တွင် ရှေ့ဆက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ပြီးနောက်တွင် သက်ဆိုင်ရာကုမ္ပဏီခွဲ အသီးသီးမှအုပ်ချုပ်မှုတာဝန်ခံများက လုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ ဈေးကွက်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ရသုံးမှန်းခြေငွေစာရင်းရှင်းတမ်းများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။












# cfi.co မှ မက်စ်မြန်မာအုပ်စုသို့ Sustainability Strategy Myanmar 2020ဆု ပေးအပ်ချီးမြှင့်

ရန်ကုန်၊ ဇွန် ၁၀

UK အခြေစိုက် cfi.co(Capital Finance International) မှ ၂၀၂၀ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သော Sustainability Awards ပိုင်းတွင် မက်စ်မြန်မာကုမ္ပဏီအုပ်စုအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောကုမ္ပဏီဆု Best Sustainability Strategy Myanmar 2020 ဆုကို ရရှိခဲ့ပါသည်။

ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်မှုတွင် "မက်စ်မြန်မာအုပ်စုသည် စတင်တည်ထောင်ချိန်မှစပြီး နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုကို အရေးပေးဆောင်ရွက်လျက်ရှိသည်။ မက်စ်မြန်မာသည် UN Global Compactအသင်းဝင်ဖြစ်ပြီး UNမှချမှတ်ထားသော Sustainability Development Goals (SDGs)များကိုလုပ်ငန်းဆောင်ရွက်ရာတွင် အစဉ်ထည့်သွင်းစဉ်းစားသောလုပ်ငန်းစုဖြစ်ပါသည်။ ထို့အပြင် Sustainability Planများ ချမှတ်ဆောင်ရွက်ခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း၊ ဝန်ထမ်းများနှင့် စီးပွားရေးဆက်စပ်လုပ်ကိုင်နေသော လုပ်ဖော်ကိုင်ဖက်များ၏ အကျိုးစီးပွားကို အမြဲအလေးထားသောလုပ်ငန်းစုတစ်စုဖြစ်သည်"ဟု ဖော်ပြခဲ့ပါသည်။

cfi.coသည် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းစုများများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့အား ၎င်းတို့၏ အကောင်းဆုံးစွမ်းဆောင်မှုများအပေါ် သုံးသပ်ရွေးချယ်ပြီး အကောင်းဆုံးဆုများ နှစ်စဉ်နှစ်တိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

## Change, Change, Change:

# With Sustainability at the Very Core, Transformation Poses No Threat

Business transformation requires a change-management strategy to align the people, processes, and technology initiatives of a company with its vision.

Corporate overhauls are ideally undertaken pre-emptively, but in practice it is more commonly a reaction to dynamic and challenging circumstances. With the mission of achieving a tangible improvement in an organisation and its trajectory, transformations are a fundamental and risk-laden "reboot".

Such transformations should be bold and rapid. During usual business operations, some employees may find the process frustrating. To achieve a rapid result, management must minimise resistance.

### MYANMAR REFORMS

Since the re-opening of the Myanmar economy in 2011, the country has undergone significant economic, legislative and political reforms. It has made great strides in the past seven years and the results are commendable. The government is decidedly pro-business and is open to foreign investment.

To maintain momentum and build investor confidence, a clear and stable legal framework is crucial. A robust Companies Law can instill sound corporate practices that safeguard investors, creditors and other stakeholders – for SMES as well as for multilaterals and conglomerates.

Key law reforms in Myanmar include that foreign investors will be able to own up to 35% of a local company before it is considered a 'foreign' company, giving greater scope for international investors to operate in Myanmar. More flexible capital structures and changes to share capital allow companies to raise or reduce capital, with fewer procedural requirements.

> "The group remains committed to the principle of the Universal Declaration of Human Rights and UN's Global Compact."

### MAX'S SUSTAINABLE CULTURE

Max Myanmar Group, incorporated in 1993, has become a font of growth for people, stakeholders – and the country's economy. Max Myanmar has made measurable progress and has become truly multi-disciplinary. It has an enviable track record in its various fields of work, and a reputation based on integrity and experience.

The group is strengthening itself as well as building a foundation for responsible business practice in Myanmar. Its aspiration to be a leading national institution has paid off, driving growth for stakeholders, and for the country as a whole. Max Myanmar Group has lived up to its potential and demonstrates the importance of acting responsibly. trates the importance of acting responsibly. Successfully set up Strategic Partnership with foreign partners in the area of logistics, manufacturing and insurance shows how the private sector can follow its lead in a way that is consistent with international best-practice.

Max Myanmar is committed to excellence in sustainability and corporate governance across each of its business segments: transport, trading, hotels, energy, agriculture, manufacturing, and logistics. Its has happily participated across the group in United Nations Global Compact since 2012, and has contributed to UNGC's Myanmar network.

As a national pioneer of corporate sustainability, Max Myanmar proactively conducted an in-depth sustainability assessment of its own operations, with input from international experts. It also organised a sustainability seminar with its stakeholders. Max Myanmar's engagement with corporate responsibility is one of long standing, and the group solidly upholds its reputation.

Max Myanmar strives for business success in ways that demonstrate respect and champion ethical values. As a responsible Myanmar organisation, it has always shown compassion and respect for people and planet. Long- and short-term impacts to the environment and community are taken into account in all business decisions.

The group remains committed to the principle of the Universal Declaration of Human Rights and UN's Global Compact, the world's largest corporate citizenship initiative. Max Myanmar aspires to be the first-choice company for employees and stakeholders, and a benchmark for excellence in corporate identity.

### INITIATED, INTEGRATED, INNOVATED

As part of its 2025 Sustainability Goals, Max Myanmar is focusing on Responsible Production for environmental protection, Innovative Application for lifestyles, and Socio-economic Contribution for society.

> "Since the re-opening of the Myanmar economy in 2011, the country has undergone significant economic, legislative and political reforms. It has made great strides in the past seven years and the results are commendable."




To ensure the group-wide spread of this culture, and to communicate the message to subsidiaries, there are three parts of reform process:

- Business structure
- Finance structure
- Corporate foundation

These structures align with the group's medium-to long-term targets and sustainability initiatives.

To reform the business structure, Max Myanmar is building trust, worthiness and brand value as a unified group. It aims to raise community awareness and engagement while boosting cost-efficiency through productivity. It encourages confidence in technology through its integrated reporting system, which ensures transparency for shareholders. This is a group that prides itself on delivering innovations and services that advance general wellbeing.

## LOOKING FORWARD

Max Myanmar's strategy is to look for better ways of doing business and achieving market leadership. That means meeting – or exceeding – the expectations of employees, customers and communities. From internal business processes to customer service and community relations, the group's proactive approach is a crucial factor in ensuring growth for all. Developing an effective management framework for sustainable development requires sound decision-making and solid governance.

The concept of sustainable development must be integrated into business planning and management systems. Governance is increasingly important, and the corporation and its senior management consider themselves accountable for the direction of business development.

Max Myanmar recognises that long-term outcomes require the adoption of strategies and activities that meet company and stakeholder needs while protecting and sustaining human and natural resources. Effective production based on sustainable business standards allows the continued improvement of the lives of customers. It also enhances the supply chain's ability to support sustainability.

The group strategy is to focus on maximizing sustainable competitiveness in a transparent and responsible manner and to build, promote and maintain the brand image of the group. ❇

# Zaw Zaw Wants Nothing but the Best for Group and Country – Preferably With Some Football



**Founder and Executive Chairman:** Zaw Zaw

Zaw Zaw is the founder and executive chairman of the Max Myanmar Group and AYA Financial Groups.

His vision for Max Myanmar Group was simply to create one of the best institutions in the country – with a special focus on transparency and corporate responsibility.

Zaw Zaw is a firm believer in giving compassionate aid, and was quick to contribute to those affected by the COVID-19 crisis. Within 1 week of the prevention programs were launched, he contributed MMK 600 million (USD 0.5 million) worth medical aids for Waibagi hospital and Yankin Children's Hospital and provided facility quarantines as well as funded Health Insurance Benefits for caregivers and has provided accommodation, food and transport for the embattled doctors and nurse of Waibagi Hospital. With additional donation of protective chambers for Covid Testing, he has contributed MMK 1.44 billion kyats (USD 1 million) to Myanmar's fight against the Coronavirus outbreak.

"He has been the chairman of the Myanmar Football Federation since 2005, and is vice-chairman of Asian Football Confederation."

Through the Ayeyarwady Foundation, he has donated more than 80 billion kyats (USD 56 million) to philanthropic causes and corporate social responsibility activities.

In his business dealings, Zaw Zaw has almost three decades of management experience to draw on. He graduated from the University of Yangon with a major in mathematics, and worked in Japan before returning to Myanmar in 1995 to establish the Max Myanmar Company (now the Max Myanmar Group).

Zaw Zaw has been honoured with his country's State Excellence Award, presented by the president of Myanmar, Win Myint. He has also been recognised for leading the group to support Dream Asia, the AFC's social responsibility initiative. Dream Asia promotes a culture of giving, and emphasises the potential of football to bring about positive change in Asian societies.

Zaw Zaw is passionate about promoting the sport in Myanmar. He has been the chairman of the Myanmar Football Federation since 2005, and is vice-chairman of Asian Football Confederation.

He was recognized as Banker of the Year by The Myanmar Times in 2014 for his leadership performance.

# VIDEO CONFERENCINGလုပ်ဆောင်ရာတွင် လိုက်နာသင့်သည့်အချက် (၁၂)ချက်

ဉာဏ်တိုး (Group HR)

ကိုဗစ်ကပ်ရောဂါကြောင့် Social distancing ဆိုသည့် နေ့စဉ်ဘ၀ ခပ်ခွာခွာနေကြပါ ဆောင်ပုဒ်အတိုင်း နေကြသော်လည်း စီးပွားရေးလုပ်ငန်းများအကြား တစ်ဦးနှင့်တစ်ဦးတွေ့ဆုံဆွေးနွေးခြင်းသည်လည်း အရေးကြီးလှသည်။ ထို့ကြောင့် Microsoft Teamsတို့၊ Zomတို့လို ITနည်းပညာသုံး Video Conferencing သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာကြသည်။

ယနေ့ခေတ်တွင် Microsoft Teams၊ Zoomမသုံးသော အဖွဲ့အစည်းမရှိတော့ပေ။ သို့ဆိုလျှင် ထိုအစည်းအဝေး၊ တွေ့ဆုံပွဲများတွင် ပါဝင်ရသော ပုဂ္ဂိုလ်၊ ဝန်ထမ်း အနေဖြင့် လိုက်နာသင့်သည့် အစည်းအဝေးကျင့်ဝတ်များကို စောင့်ထိန်းရပေမည်။

**(၁) အလင်းရောင်ကောင်းစွာရရှိသော နေရာကိုရွေးချယ်ပါ။**

ပါဝင်သောပုဂ္ဂိုလ်သည် အလင်းရောင်ကောင်းစွာရှိသောနေရာကြောင့် ကောင်းစွာမြင်တွေ့ရခြင်း၏အနှစ်သာရမှာ သင်နှင့်တခြားပါဝင်နေသူများအကြား နွေးထွေးစွာဆွေးနွေးရခြင်းပင်ဖြစ်သည်။

**(၂) နောက်ခံbackgroundကို သတိပြုပါ။**

Video Conferencingလုပ်ရာတွင် မိမိ၏နောက်ခံအပြင်အဆင်အား လူတိုင်းတွေ့မြင်နေမည် ဖြစ်ပါသည်။





အစည်းအဝေးနှင့်မအပ်စပ်သောနောက်ခံမဖြစ်ပါစေနှင့်။ မသင့်တော်သောနောက်ခံ၊ ရှုပ်ပွနေသောနောက်ခံဖြစ်နေလျှင် Virtual Backgroundကို မဖြစ်မနေ ပြောင်းလဲအသုံးပြုပါ။

**(၃) ဗီဒီယိုကင်မရာဖြင့် မိမိကိုထင်ရှားစွာမြင်နိုင်မည့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ထားပါ။**

မိမိပုံရိပ်သည် ဖန်သားပြင်ပေါ်တွင် နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်း၊ နီးလွန်းခြင်း၊ ဝေးလွန်းခြင်း စသည့်အဆင်မပြေခြင်းသည် တစ်ဖက်သားအတွက် ကသိကအောက်ဖြစ်စေနိုင်ပါသည်။

**(၄) အစည်းအဝေးမစတင်မီ Microphoneကို ကြိုတင် စမ်းသပ်ထားပါ။**

မိမိ၏ microphoneသည် အလုပ်လုပ်/မလုပ်၊ မိမိအသံကို အခြားသူများ ကောင်းကောင်းကြား/မကြား ကြိုတင်စစ်ဆေးထားရန် လိုအပ်ပါသည်။

**(၅) အစည်းအဝေးတွင် မိမိကိုယ်ကို မိတ်ဆက်ပေးပါ။**

တခြားပါဝင်သူ၏ အမည်နာမကို မှတ်သားပြီး နာမည်တပ်ရန် ရည်ညွှန်းပြောဆိုပေးပါ။

**(၆) မိမိ Microphoneကို အသံပိတ် (Off) ပေးထားပါ။**

မိမိပြောဆိုဆွေးနွေးမည့်အလှည့်မရောက်ခင် အစည်းအဝေးကို အနှောင့်အယှက်ပေးနိုင်သော ဆူညံသံများ၊ စကားပြောသံများ၊ သီချင်းသံများက မလိုလားအပ်သော စိတ်အနှောင့်အယှက်ကိုဖြစ်စေသည်။

**(၇) သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင်ပါ။**

Video Conferencingလုပ်တာပဲ ဆိုပြီး ဖြစ်သလို ဝတ်စားဆင်ယင်ခြင်းကို မလုပ်သင့်ပါ။ ဖြစ်နိုင်လျှင် မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်သည်ဟု ယူဆပြီး ဝတ်ဆင်သင့်ပါသည်။ အလုပ်တွင် သတ်မှတ်ယူနီဖောင်းရှိသည်ဆိုလျှင်တော့ အကောင်းဆုံးဖြစ်ပါသည်။

**(၈) အစည်းအဝေးပြုလုပ်နေစဉ် စိတ်ဝင်တစားရှိပါ။**

တချို့ပုဂ္ဂိုလ်တို့သည် မိမိအလှည့်မရောက်သေးဟု ယူဆပြီး တခြားမဆိုင်သော လုပ်ငန်းများကို လုပ်ကိုင်နေကြသည်။ အစည်းအဝေးတွင်  သင်သည် အာရုံဝင်စားမှုမရှိသူဟု ထင်မြင်ယူဆနိုင်သည်။ ထို့ကြောင့် အာရုံစိုက်၍ နားထောင်ပေးရန်ဖြစ်သည်။

**(၉) မိမိဆွေးနွေးရမည့်အလှည့်ရောက်သောအခါ ဖန်သားပြင်အားမကြည့်ဘဲ ကင်မရာဘက်သို့ကြည့်၍ ဆွေးနွေးပါ။**

သို့မှသာ မျက်နှာချင်းဆိုင်ဆွေးနွေးသော ခံစားချက်ကို ဆွေးနွေးသူများအကြား ပေါ်ပေါက်စေသည်။

**(၁၀) မိမိပါဝင်ဆွေးနွေးလိုက အချက်ပြပါ။**

အစည်းအဝေးတွင် ကြားဖြတ်ဝင်ရောက်မဆွေးနွေးသင့်ပါ။ မိမိအနေဖြင့် ဆွေးနွေးလိုပါက ထင်သာမြင်သာရှိအောင် လက်ထောင်ပြခြင်း၊ Chat Functionကိုအသုံးပြုပြီး မေးခွန်းမေးခြင်းဖြင့် အသိပေးနိုင်သည်။

**(၁၁) ဆွေးနွေးရာတွင် စကားကို ပီပီသသ ဖြည်းဖြည်းနှင့် နေးနေးပြောပါ။**


စကားကို အကျယ်ကြီးမပြောရန် အရေးကြီးသည်။

**(၁၂) မိမိ၏ခန္ဓာလှုပ်ရှားမှု အနည်းဆုံးဖြစ်အောင်ထားပါ။**

အစည်းအဝေးတွင် ခေါင်းလှုပ်ရှားခြင်း၊ ခန္ဓာကိုယ်ရှေ့တိုးနောက်ငင် လှုပ်ရှားခြင်း၊ လက်ဟန်ခြေဟန်များဖြင့် ပြောဆိုခြင်းသည် တစ်ဖက်ဖန်သားပြင်ဘက်မှ ကြည့်နေသူများအား အာရုံနောက်စေတတ်သည်။

ထို့ကြောင့် Online Video Conferencingလုပ်နေစဉ် ဆောင်သင့်၊ ရှောင်သင့်သည်များကို သိရှိခြင်းအားဖြင့် ထိုအစည်းအဝေးမှ ရလဒ်ကောင်းများဖြစ်လာစေရန် တင်ပြရေးသားလိုက်ရပါသည်။

**ဉာဏ်တိုး** (Group HR)






# ကိုဗစ်ကာကွယ်ကုသရေး ဧရာဝတီဖောင်ဒေးရှင်းမှ ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်၊ ဇူလိုင် ၁

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်ကူးစက်ခံလူနာများကို ကုသစောင့်ရှောက်ပေးလျက်ရှိသော ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပဆေးရုံကြီးအတွက် လိုအပ်သည့်နေရာအသုံးပြုနိုင်ရန် ကျပ်သိန်း(၁၀၀)၊ ဓာတ်ခွဲနမူနာများရယူပေးကြသော ရန်ကုန်တိုင်း ကျန်းမာရေးSwab Teamမှ ကျန်းမာရေးဝန်ထမ်း(၃၀)ဦးအတွက် တစ်လစာထောက်ပံ့ငွေ (၆၃)သိန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဓာတ်ခွဲနမူနာများ ရန်ကုန်သို့ ပို့ဆောင် ရာတွင်အသုံးပြုရန် ပုသိမ်ဆေးရုံကြီးသို့ ငွေကျပ် သိန်း(၃၀)တို့ကို အသီးသီးလှူဒါန်းခဲ့ပါသည်။







ထို့အတူ ဇွန်လ(၁၁)ရက်နေ့မှ စတင်၍ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူတို့မှပြန်လာသူများကို ဧရာဝတီဖောင်ဒေးရှင်းမှ စီမံဆောင်ရွက်ပေးထားသော ဘောလုံးလက်ရွေးစင်ကစားသမားအဆောင်များတွင် အဆင်ပြေစွာ Quarantineဝင်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကာ Quarantine စင်တာများရှိVolunteerများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားQuarantine စင်တာများမှ စုစုပေါင်းလူဦးရေ(၅၀၀)အတွက် တစ်နေ့(၃)ကြိမ်အစားအသောက်များစီမံပို့ဆောင်ပေးလျက်ရှိပါသည်။



# အင်းလေးကန်ဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် (၃)နှစ်ကျော်ကြာ ပံ့ပိုးပေးခဲ့

ရန်ကုန်၊ ဇွန် ၁၀

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြယုဂ်တစ်ခုဖြစ်သော အင်းလေးကန်ဒေသ ရေစီးရေလာကောင်းမွန်၍ သာယာလှပစေရေးအတွက် အမှိုက်သရိုက်၊ ဒိုက်နှင့်ရေညှိရေမှော်များ၊ နုံးမြေ၊ သဲမြေများကို ဖယ်ရှားရှင်းလင်းနိုင်ရန် ဧရာဝတီဖောင်ဒေးရှင်းမှ ကုန်းရေနှစ်သွယ်အသုံးပြုနိုင်သော စက်ယန္တရား(HITACHI ZX210K-3 Amphibious Excavator) နှင့် ကျွမ်းကျင်ဝန်ထမ်းတို့ကို ၃နှစ်ကျော်ကြာ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါသည်။





အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ရေအရင်းအမြစ်သာယာစိုပြေကောင်းမွန်စေသည့်အပြင် ဒေသရှိကျေးရွာပေါင်း (၃၄)ရွာအတွက် ကျေးရွာချင်းဆက်လမ်းများအတွက် ၂၀၁၆ နှစ်ကုန်ပိုင်းမှစတင်၍ မြေဖို့မြေဆယ်လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းကာလပေါက်ဈေးအရ သိန်းပေါင်း(၈၀၀၀)ကျော် အခမဲ့ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။

# Max Hotels Group နှင့် MGallery Nay Pyi Taw ရာသီတုပ်ကွေးကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်





ရန်ကုန်၊ ဇွန် ၂၅

Max Hotels Group နှင့် MGallery Nay Pyi Taw by Sofitel Managementတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အလုပ်ခွင်ကျန်းမာရေးအတွက် ရာသီတုပ်ကွေးကာကွယ်ဆေးထိုးခြင်းကို Heartistsများအတွက် ၂၀၂၀ခုနှစ် ဇွန်လ ၂၃-၂၄ရက်နေ့များတွင် စီစဉ်ပေးခဲ့ပါသည်။

Max Hotels Group နှင့် MGallery Nay Pyi Taw by Sofitel Managementအဖွဲ့အနေဖြင့် ဧည့်သည်များနှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အမြဲဦးစားပေး စီစဉ်လျက်ရှိသလို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသူများကိုလည်း အစဉ်ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

# ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း (CP 102)မှဝန်ထမ်းများ တုပ်ကွေးကာကွယ်ဆေးထိုးနှံ

ရန်ကုန်၊ ဇွန် ၂၅

မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ရန်ကုန်-မန္တလေးမီးရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း(CP 102) တွင် တာဝန်ထမ်းဆောင်နေသည့် ကုမ္ပဏီဝန်ထမ်းဦးရေ (၂၀၀)ကျော်အား တုပ်ကွေးကာကွယ်ဆေးထိုးနှံပေးခြင်းကို ဘုရားကြီး၊ ကတုတ်၊ ပြွန်တန်ဆာတို့ရှိလုပ်ငန်းခွင်များနှင့် Batching Plant နေရာများတွင် ၂၀၂၀ခုနှစ် ဇွန်လ ၁၄ရက်နေ့နှင့် ၂၁ရက်နေ့များက ဆောင်ရွက်ပေးခဲ့သည်။ မိုးရာသီအတွင်း လုပ်ငန်းခွင်ရှိကုမ္ပဏီဝန်ထမ်းများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျန်ရှိနေသည့်စီမံကိန်းဝန်ထမ်းများအတွက်လည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါသည်။





# Octane 97 RON ကို တာမွေ၊ ကျွန်းတောဆိုင်များတွင် (၁.၇.၂၀၂၀) ရက်နေ့မှ စတင်ထပ်တိုးရောင်းချ

ဇွန်၊ ၂၆

Max Energyအနေဖြင့် အရည်အသွေးမြင့်စက်သုံးဆီအမျိုးအစားတစ်မျိုးဖြစ်သည့် အရည်အသွေးမြင့် Octane 97 RON ကို ဝယ်ယူသုံးစွဲသူများ ပိုမိုလွယ်ကူစွာ ဝယ်ယူနိုင်ရန် ၂၀၂၀ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှစတင်၍ တာမွေ၊ ကျွန်းတောဆိုင်များတွင် ထပ်မံဖြည့်တင်းရောင်းချပေးသွားမည်ဖြစ်သည်။ အရည်အသွေးမြင့်မားပြီး RONမြင့်သော စက်သုံးဆီများသည် လေထုညစ်ညမ်းမှုသက်သာစေပြီး၊ တန်ဖိုးမြင့်မားသောကားများ၏စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေပြီး မြင့်မားသောစွမ်းအင်ကို ရရှိစေခြင်းကြောင့် အသုံးပြုသူများပြားလာသည့်အတွက် ယခင်ရောင်းချနေသည့် ဗဟန်းဆိုင်ခွဲအပြင် တာမွေ၊ ကျွန်းတောဆိုင်များတွင် တိုးမြှင့်ဝယ်ယူနိုင်ပြီဖြစ်ပါသည်။




# ချောင်းသာကမ်းခြေတွင် Max Energyမှ စက်သုံးဆီရောင်းချလျက်ရှိနေ




ဇွန် ၂၆

ဒေသတွင်းစက်သုံးဆီလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန်နှင့် Customerများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ဆိုင်သစ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ Max Energy ၏ 45th Filling Station (Chaungtha) အား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ပုသိမ်-ချောင်းသာလမ်း၌ ၁၂-၁၂-၂၀၁၉ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး Octane 92 Ron၊ HSDနှင့် PHSDများ ဖြည့်တင်းအားပေးနိုင်ပြီဖြစ်ပါသည်။




# အမှတ်တရ (၄)

သံမျှင်ဦး

နယ်ဘဏ်တည်ဆောက်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်တင်ဆဲကာလ ၂၀၁၂မှာ ကလေး၊ တမူးကိုသွားကြည့်ကြဖို့ အလုပ်ကိစ္စ ပေါ်လာပါတော့တယ်။ ကလေးမြို့မှာ ဘဏ် တည်ဆောက်ရေးရှိလို့ သွားကြည့်ရမယ်ဆိုတော့ ပျော်ရွှင်သွားတာအမှန်။ တစ်ခါမှ မရောက်ဖူးသေးတဲ့မြို့။ ကားနဲ့သွားရင် မုံရွာ-ကလေးဝ-ကလေးမြို့ယာကြီးလမ်းအပိုင်း၊ ယင်းမာပင်-ဂန့်ဂေါ-ကလေးလမ်းအပိုင်းတွေ ရှိကြောင်းသိပေမယ့် အချိန်ကုန်သက်သာစေဖို့ လေယာဉ်နဲ့သွားဖြစ်ခဲ့ပါတယ်။ တမူးအထိ တက်ကြည့်ရမယ်ဆိုတဲ့အချက်တွေနဲ့ပဲ ကလေးမြို့ကို ရန်ကုန်-ကလေး တိုက်ရိုက် လေယာဉ်ခရီးစဉ်နဲ့ ရောက်ခဲ့ရတာ။ တိုက်ရိုက် လေယာဉ်ဖြစ်လို့ အချိန် ၁နာရီသာသာနဲ့ ကလေး လေဆိပ်ကို ရောက်ရှိခဲ့ပါတယ်။ လေးမြို့မြစ်ကို မြင်တွေ့အပြီးမှာ မြေပြန့်နည်းတဲ့ ကလေး လေဆိပ်ကျဉ်းကျဉ်းကို မြို့လူနေအိမ်တွေ ဖြတ်ကျော်ပြီးမှ လေယာဉ်ဆင်းသက်ခဲ့ပါတယ်။ တစ်ထပ်ဆောင်ခပ်သေးသေးတည်ရှိတဲ့ ကလေးမြို့နယ်မှ ကြိုဆိုပါ၏ဆိုင်းဘုတ် ဖြတ်ကျော်အပြီး လေဆိပ်ရှေ့တည့်တည့်က တောင်ဇလပ်ဟိုတယ်မှာ တည်းခိုခဲ့ပါတယ်။ ဘဏ်လုပ်ရမယ့်မြေကွက်က လေဆိပ် မျက်စောင်းထိုးဟိုတယ်နဲ့ ၃၊ ၄ခြံအကျော် ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ တည်ရှိလို့နေ ပါတယ်။

ဟိုတယ်မှာ Check Inဝင်အပြီး ဘဏ် ဆောက်ရမယ့်နေရာအတွက် အတွင်းကို သွားကြည့်ဖြစ်ပါတယ်။ အရင်က လက်ဖက်ရည် ဆိုင်နေရာကို ပြန်ဖျက်ထားတာကိုသိရှိရပါတယ်။ ကွန်ကရစ်ကြမ်းပြင်အကြမ်းနဲ့ သံငုတ်တိုင်တိုတို

တွေနဲ့ မျက်နှာ၁၀ ပေ၆၀နီးပါးနောက်ဖက်ကို ပေ ၁၂၀အရှည် တည်ရှိပါတယ်။ မြေပုံရာဇဝင်ပုံစံမှာ ပါရှိတဲ့မြေကွက်နဲ့ မြေပြင်အနေအထားကို အတူပါလာတဲ့ မောင်သက်ဖြိုးအောင်တို့နဲ့ တိုင်းတာ မှတ်သားထားခဲ့ပါတယ်။ ကလေးမြို့မှာ ကလေးတက္ကသိုလ်ရှိပြီး ဘဏ်အနေနဲ့ အစိုးရ ဘဏ်များနဲ့ KBZဘဏ်အချို့သာရှိတဲ့အချိန် ကာလဖြစ်ပါတယ်။ အထင်ကရနေရာတွေအဖြစ် သမိုင်းဝင်စကားလှဘုရားရှိတဲ့ စကားလှ ကျောင်းတိုက်၊ တာဟန်းဈေး၊ ချင်းရိုးရာပစ္စည်း ဆိုင်တွေ၊ အိန္ဒိယပစ္စည်းရောင်းတဲ့ဆိုင်တွေ၊ ကျောင်းတစ်လုံးရေချိုးဆိပ်၊ ရှုခင်းသာ အစရှိတဲ့ နေရာတွေဖြစ်ကြောင်း သိရှိရပါတယ်။ ကလေး-သိုင်းငင်းက ဖလမ်းနဲ့တီးတိန်ဘက်ကို လမ်းခွဲထွက်ပြီး ရိဒ်ရေကန်အထိ သွားရောက်လည်ပတ်နိုင်ပါတယ်။

နေရာအကွက်အကွင်းကြည့်အပြီး လေဆိပ်ဘေးက ဟောင်ကောင်လက်ဖက်ရည် ဆိုင်မှာ မနက်ခင်းစာစားပြီး ၈၇မိုင်အကွာ ရှိတဲ့ အိန္ဒိယနယ်စပ် တမူးမြို့လေးကို ဆက်လက်ချီတက်ကြပါတယ်။ တမူးမြို့ဟာ ကဘော် ချိုင့်ဝှမ်းဒေသမှာရှိပြီး မြို့တစ်မြို့ထဲသာရှိတဲ့ ခရိုင်မြို့ဖြစ်ပါတယ်။ အိန္ဒိယနဲ့နယ်နိမိတ်ချင်း ထိစပ်နေတဲ့ မိုရေးနယ်စပ်မှာရှိပြီး စစ်ကိုင်းတိုင်း တောင်ပိုင်း မြန်မာနိုင်ငံမြေပုံရဲ့အနောက်မြောက် အရပ်မှာ တည်ရှိပါတယ်။ နယ်စပ်မြို့ မိုရေး နယ်စပ်ဂိတ်ရှိပြီး နန်းဖာလုံဈေးနဲ့ဆက်လျက် ရှိပါတယ်။ ဒေသအစားအစာ မျှစ်ပေါင်း၊ မျောက်ငိုသီး၊ လိုင်မီးခေါင်ရည်တို့ ပေါကြောင်းသိရှိရပါတယ်။ ကလေး-တမူး ကားလမ်းဟာ ၈၇မိုင် ရှည်လျားပြီး သံပေါင်တံတားစုစုပေါင်း ၇၇စင်း (ခန့်မှန်း)ရှိတယ်လို့ သိရပါတယ်။ လမ်းကြောင်း တစ်လျှောက် သံပေါင်တံတားပေါင်းများစွာကို ကားဖြတ်သွားချိန်တိုင်း တဂျိန်းဂျိန်း၊ တဂျုံးဂျုံးနဲ့ အမှတ်ရစရာကောင်းနေပါတယ်။ တမူးမြို့လေး ဟာ ကျွန်တော်တို့ရောက်သွားတဲ့ကာလမှာ ကလေးမြို့လိုမဟုတ်ဘဲ စည်ကားမှုသိပ်မရှိတာ တွေ့ခဲ့ရပါတယ်။ အဲဒီအချိန်က နယ်မြေအခြေ အနေကြောင့်လည်းဖြစ်နိုင်ပါတယ်။

ဘဏ်ဆိုလည်း အစိုးရဘဏ်တွေသာ ရှိနေတဲ့အချိန်ဖြစ်ပါတယ်။ တမူးမြို့ ဗိုလ်ချုပ်လမ်းပေါ်မှာက တစ်ထပ်တိုက်ကလေးကို






Renovationလုပ်ပြီး ပြန်ပြင်ကာ ဘဏ်ဖွင့်ဖို့ ရည်ရွယ်ခဲ့ကြပါတယ်။ တစ်ထပ်တိုက်ဆိုပေမယ့် အရင်က နှစ်ထပ်ဆောက်ဖို့ရည်ရွယ်ချက်ရှိခဲ့တဲ့ အဆောက်အဦပုံစံဖြစ်ပါတယ်။ ပထမထပ်ကို RC Concreteလောင်းပြီးသားဖြစ်ပြီး နောက်တစ်ထပ်တက်ဖို့ Columnသံချောင်းတွေ ထုတ်ထားတာကို တွေ့ရပါတယ်။ သက်ဖြိုးအောင်တို့နဲ့ လက်ရှိ အဆောက်အဦကို အသေးစိတ်တိုင်းပြီးချိန်မှာ ညနေစောင်းနေပြီဖြစ်လို့ ကလေးမပြန်ဖြစ်တော့ဘဲ တမူးမြို့လယ်လမ်းပေါ်က တည်းခိုခန်းတစ်ခုမှာ တည်းဖြစ်ခဲ့ပါတယ်။ နယ်မြို့လေးပီပီ အိပ်ခန်းအဆောင်သာ ပန်ကာတစ်လုံးနဲ့ရှိပြီး အများသုံးအိမ်သာ၊ အများသုံး ရေချိုးခန်းတို့ကိုသာ အသုံးပြုရပါတယ်။ မိုးတွင်း ကာလပေမယ့် အလွန်ပူအိုက်တဲ့ရာသီဥတုကို ခံစားခဲ့ရပါတယ်။

နောက်နေ့မနက်စောစောမှာ နန်းဖာလုံဈေးနဲ့ မိုရေးနယ်စပ်ကိုသွားရောက်လည်ပတ်ဖြစ်ခဲ့ပါတယ်။ အိန္ဒိယပစ္စည်းအမွေးအကြိုင် အသုံးအဆောင်တွေ၊ ပိတ်စတွေ၊ ပလေကပ်ပုဆိုးတွေ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းတွေကို ရောင်းချနေတဲ့ဆိုင်ခန်းများစွာကို တစ်ဖက်ကမ်းမှာ တွေ့ရှိခဲ့ရပါတယ်။ ကယ်ရီ သုံးဘီးတွေနဲ့ မိုရေးမြို့ထဲကိုလည်စရာတွေရှိပေမယ့် ကလေးပြန်ရမယ့်အချိန်အတွက် မလည်ပတ်တော့ဘဲ ကလေးမြို့ကို ပြန်လာခဲ့ကြပါတယ်။
ညနေစောင်းမှာ ဦးချို၊ ဦးကြီးမြင့်တို့နဲ့လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ဝိုင်းစစ်ပေးခဲ့ရပါတယ်။

* * *

ဒုတိယတစ်ခေါက်အနေနဲ့ Design Studio 131 Design Groupu ဆရာ ဦးညွှန့်ဝင်း၊ MEP က အောင်ကိုဆန်းတို့နဲ့ ထပ်မံရောက်ရှိခဲ့ပါတယ်။ ကလေးsite အတွက် ကြိုတင်ရောက်နှင့်နေတဲ့ စူပါအောင်မျိုးသူနဲ့ လေကြောင်းကင်းလွတ်ခွင့်အတွက် ခွင့်ပြုမိန့်ကို ရန်ကုန်လေဆိပ် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအထိ အဆင့်ဆင့်တင်ခဲ့ပြီးမှ အဆောက်အဦ အမြင့်သတ်မှတ်ချက်နဲ့အတူ ၃ထပ်ဆောက်လုပ်ခွင့်ရခဲ့ပါတယ်။ မြေနေရာအကျယ်အဝန်းနဲ့ ဘဏ်ဘက်က လိုအပ်ချက်တွေဆွေးနွေးထားချက်အတိုင်း ဆရာဦးညွှန့်ဝင်းက Design ထုတ်ပေးခဲ့ပါတယ်။

ပထမတစ်ခေါက်ကအတိုင်း ဆရာတို့နဲ့ တမူးမြို့ကို Designဆွဲဖို့အတွက် ထပ်မံရောက်ရှိခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ ရှိနေတဲ့အဆောက်အဦ အတိုင်း ဘဏ်Layout ချကြည့်ရာမှာ အဆင်ပြေ တဲ့အတွက် တစ်ထပ်ပုံ ဒီဇိုင်းနဲ့သာ တွက်ချက်ခဲ့ ပါတယ်။ ကလေး၊ တမူးဘဏ်တွေရဲ့ Layout Planကိုလည်း ဘဏ်ရုံးချုပ်ဘက်က ဦးကိုဦးနဲ့ အဖွဲ့က အမြန်ဆုံးဆုံးဖြတ်ပေးကြပါတယ်။ 3D Designကိုတော့ MD ကပဲရွေးချယ်ပြီး ဆက်လက် လုပ်ဆောင်စေခဲ့ပါတယ်။

တည်ဆောက်ရေးအတွက် အောင်ပန်း ဘဏ်က ပြီးလာတဲ့ အစ်ကိုတင်အောင်သိန်းနဲ့ အဖွဲ့ကို တာဝန်ပေးခဲ့ပါတယ်။ ခွင့်ပြုချက်နှစ်ဖက် စလုံးရရှိတဲ့အတွက် ကလေး၊ တမူးဘဏ်၂ခုကို တစ်ပြိုင်တည်းစတင်ခဲ့ပါတယ်။ တမူးဘဏ် ကတော့ Ronovationပြုပြင်ရတဲ့အတွက် ကလေးဘဏ်ထက် ၂လနောက်ကျပြီးမှ စတင်ခဲ့ ပါတယ်။ အသစ်တည်ဆောက်ရတဲ့ ကလေးဘဏ် အတွက် ရုံးချုပ်က ကန်ထရိုက်တာ ရွေးချယ်ပေးခဲ့ ပါတယ်။ အကြမ်းထည်အတွက် ကန်ထရိုက်တာ တစ်ဦး၊ Finishingအတွက် ကန်ထရိုက်တာ တစ်ဦး၊ ရေ/မီးနဲ့ ELVလုပ်ငန်းတွေအတွက် ကန်ထရိုက်တာ၂ဦးတို့နဲ့ အဆင့်ဆင့်လုပ်ဆောင် ခဲ့ရပါတယ်။ တည်ဆောက်ရေးအတွက် ကြိုတင် ပြင်ဆင်မှုအဖြစ် ဝယ်ယူရေး၊ ဒီဇိုင်းပုံစံ ထုတ်ရေးတို့ကို ၂၀၁၂ နိုဝင်ဘာလောက်မှာ ပြီးစီးပြီး ခွင့်ပြုမိန့်ရပြီး တည်ဆောက်ရေးကို ၂၀၁၃ခုနှစ်မှာ အစပြုဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ပွင့်လင်းရာသီ ဦးစားပေးပြီး ရန်ကုန်-မန္တလေး-မုံရွာလမ်းကြောင်းတွေ၊ ဂန့်ဂေါ လမ်းကြောင်းတွေဘက်က သယ်ယူခဲ့ရပါတယ်။ ရုံးချုပ်ပစ္စည်းဝယ်ယူရေးအဖွဲ့ ကလေးမြို့ကို surveyဆင်းရင်း အများစုကို ရန်ကုန်က ပို့ဆောင်ခဲ့ရပါတယ်။ ခရီးဝေးတဲ့အတွက် မကြာခဏမရောက်နိုင်ဘဲ ရန်ကုန် ရုံးချုပ်ကနေ Monitoringကို လုပ်ငန်းအဆင့်ဆင့်တိုင်း အတွက် လုပ်ဆောင်ခဲ့ရပါတယ်။

၂၀၁၃ခုနှစ် မိုးတွင်းကာလမှာ ရက်ရှည် မိုးရွာခဲ့လို့ ကလေးမြို့နယ်အပါဝင် လမ်းကြောင်း တွေရေကြီးနစ်မြုပ်ခဲ့ရပြီး တည်ဆောက်ရေး လုပ်ငန်းတွေ ရပ်တန့်နှောင့်နှေးခဲ့ရပါတယ်။








ဘဏ်တည်ဆောက်ရေးနေရာနဲ့ လေဆိပ်နေရာတို့သာ ရေကြီးဒဏ်က လွတ်ခဲ့ရပါတယ်။ ရန်ကုန်မှအဓိကပို့ဆောင်ရတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ အချိန်ကာလကြာမပို့ဆောင်နိုင်ဘဲ မော်တော်ယာဉ်လမ်းကြောင်းတွေ ရေမြုပ်ပျက်စီးခဲ့ရပါတယ်။ တည်ဆောက်ရေးကာလမှာ ကြိုတင်မျှော်မှန်းမထားတဲ့ ရာသီဥတုဒဏ်ကို ခံစားခဲ့ရပါတယ်။

ဘဏ်တစ်ဘဏ် ဖြစ်တည်လာဖို့အတွက် ဒီဇိုင်းပုံစံ ထုတ်လုပ်ရေး၊ ကန်ထရိုက်တာရွေးချယ်ရေး၊ ပစ္စည်းဝယ်ယူရေးနဲ့ အချိန်မီရောက်အောင်ပို့ဆောင်ရေး အစရှိတဲ့တည်ဆောက်ရေးလုပ်ငန်းတွေကို အဆင့်ဆင့်လုပ်ဆောင်ခဲ့ရပါတယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေတင်မကဘဲ နယ်မြို့တွေအားလုံး ကွန်ယက်ဖြန့်ပြီး ဘဏ်တွေဖွင့်နိုင်အောင် ဘဏ်ဘက်နဲ့ ကျွန်တော်တို့ Max Myanmar Construction အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ကြရပါတယ်။ နယ်စပ်မြို့တွေအဖြစ် မူဆယ်၊ တာချီလိတ်၊ မြဝတီဘဏ်တွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ နောက်ထပ် နယ်စပ်မြို့တွေအဖြစ် တမူး၊ ကော့သောင်းမြို့တွေအထိ ဆက်လက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မြန်မာတစ်ပြည်လုံးမှာရှိနေတဲ့ ဘဏ်လုပ်ငန်းတည်ဆောက်ရေးက ကျွန်တော်တို့ရဲ့ အဓိကလုပ်ဆောင်ကြရမယ့်စီမံကိန်းထဲက တစ်ခုအပါအဝင်ဖြစ်တာနဲ့အညီ အချိန်မီပြီးစီးနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဈေးနှုန်းသင့်တင့်ခြင်းတို့က ကျွန်တော်တို့ရဲ့အဓိကတာဝန်ကြီးများပဲ ဖြစ်ပါတယ်။

အခုအချိန်မှာဆိုရင် မြန်မာတစ်ပြည်လုံး ဘဏ်ပေါင်း ၂၆၀ကျော် ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ဆက်လက်လည်း တည်ဆောက်အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတွေများစွာရှိနေပါတယ်။ အချိန်မီပြီးစီးပြီး အရည်အသွေးကောင်းမွန်တဲ့ resultတွေ တစ်ခုချင်း၊ တစ်ခုချင်း ရရှိနိုင်အောင် ကျွန်တော်တို့ Construction အဖွဲ့သားတွေက အမြဲကြိုးစားသွားပါ့မယ်လို့ ဆန္ဒပြုရင်း။ ။

**သံဗျင်ဦး**

၂၉-၆-၂၀၂၀

2:30 pm




## ကိုဗစ်ကာကွယ်ဆေး စျေးကွက်ထဲရောက်မည်

ဇွန် ၂၈ ။ ။ ကိုဗစ်ရောဂါကာကွယ်ဆေးအတွက် ယခုနှစ်ဒီဇင်ဘာလသို့မဟုတ် လာမည့်နှစ်အစောပိုင်းတွင် စျေးကွက်ထဲအရောက်ပို့နိုင်မည်ဟု တရုတ်အစိုးရမီဒီယာChina Dailyသတင်းတစ်ရပ်က သုံးသပ်ရေးသားထားသည်။ ဇွန်(၂၃)တွင် တရုတ်အမျိုးသားဇီဝနည်းပညာအုပ်စုက ကာကွယ်ဆေးကို လူသားတွင် စမ်းသပ်မှုအဆင့်၃ခုလုံးအောင်မြင်သွားခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ Ref: The

## ခရီးသွားခွင့်ပြုစာရင်းမှ USကို ချန်ထားရန် EUဆွေးနွေးနေ

ဇွန် ၂၆ ။ ။ ပြည်ပနိုင်ငံများနှင့် ထိစပ်နေသောနယ်စပ်များကို ဇူလိုင် ၁ရက်တွင် ပြန်လည်ဖွင့်လှစ်ရေး စီစဉ်ရန် ဇွန် ၂၅ရက်တွင် EU သံအမတ်များ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး ယင်းသို့နယ်စပ်ဖြတ်ခွင့်ပြုမည့်သူများထဲတွင် အမေရိကန်များ မပါဝင်နိုင်ကြောင်း သိရသည်။ ဥရောပနိုင်ငံအချို့သည် နိုင်ငံခြားခရီးသွားများကို လမ်းပြန်ဖွင့်ပေးရန် စိတ်အားထက်သန်နေသော်လည်း အခြားသောနိုင်ငံများမှ ဗိုင်းရပ်စ်ပျံ့နှံ့မှုဆက်လက်ဖြစ်ပေါ်မည်ကို စိုးရိမ်နေကြသည်။ လာမည့်သီတင်းပတ်များအတွင်း အဖြေတစ်ခုရမည်ဟု မျှော်မှန်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပီယိုက ဇွန်(၂၅)ရက်တွင် ပြောကြားသွားခဲ့သည်။ Ref: standardtime

## ပြည်ဝင်ခွင့်ယာယီကန့်သတ်မှု ဇူလိုင် ၃၁ရက်အထိ တိုးမြှင့်

ဇွန် ၂၈ ။ ။ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သည့်အနေဖြင့် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံအသီးသီးမှ လာရောက်လည်ပတ်ကြမည့် ခရီးသွားများအား ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်ကို ဇူလိုင် ၃၁ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၈တွင် ထုတ်ပြန်သည်။ အစိုးရတာဝန်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့်ဖြစ်စေ ပြည်ပနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့လေယာဉ်ဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရမည်ဖြစ်သည်။ Ref: standardtime

## ပြည်ပပြန်အင်/ယာများကို အလုပ်ဖန်တီးပေးမည်

ဇွန် ၂၈ ။ ။ ကိုဗစ်ကြောင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးကျွမ်းကျင်သူများ၊ လုပ်သားများကို အလုပ်အကိုင်ဖန်တီးပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)ထံမှ သိရသည်။ အလုပ်လုပ်လိုသူများသည် MCEFသို့ ဇူလိုင်(၁၅)ရက်နေ့ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။ Ref: The Voice





## ကမ်းခြေ(၄)ခုကို စည်းကမ်းချက်များဖြင့်ပြန်ဖွင့်မည်

ဇွန် ၂၅ ။ ။ ငွေဆောင်ကမ်းခြေ၊ ဂေါ်ရန်ဂျီကျွန်း၊ ချောင်းသာ၊ ရွှေသောင်ယံကမ်းခြေတို့ကို စည်းကမ်းချက်(၁၈)ချက်နှင့်အတူ ခရီးသွားလာခွင့် ပြန်လည်ဖွင့်ပေးသွားမည်ဟု ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ ယင်းကမ်းခြေများကို လာမည့်ဇူလိုင် ပထမပတ်အတွင်း ခရီးသွားလာခွင့်ပြန်လည်ခွင့်ပြုသွားရန် မျှော်မှန်းထားသည်။ Ref: The Voice

## Qantasလေကြောင်းလိုင်း ဝန်ထမ်းအင်အားလျှော့ချမည်

ဇွန် ၂၆ ။ ။ ဩစတြေးလျနိုင်ငံရှိ နိုင်ငံ့ဂုဏ်ဆောင် Qantasလေကြောင်းလိုင်းသည် ကုန်ကျစရိတ် ဒေါ်လာ ၁၀ဘီလီယံ သက်သာစေရန်အတွက် ဝန်ထမ်းအင်အား ရာခိုင်နှုန်း(၂၀)ကို လျှော့ချပြီး လေယာဉ်အစင်း(၁၀၀)ကို မပျံသန်းစေဘဲ ထားရှိမည်ဖြစ်ကြောင်း ဇွန်(၂၅)ရက်တွင် ထုတ်ပြန်ခဲ့သည်။ လေကြောင်းလိုင်းအတွက် အကြီးမားဆုံးအကျပ်အတည်းရှိနေသဖြင့်ကုမ္ပဏီဝန်ထမ်း(၂၉၀၀၀)အနက် ထက်ဝက်သည် လပေါင်းများစွာ ခွင့်ဖြင့်နေထိုင်ရမည်ဖြစ်ကြောင်း Qantas အမှုဆောင်အရာရှိက ပြောခဲ့သည်။ Qantasသည် အောက်တိုဘာအထိ နိုင်ငံတကာခရီးစဉ်အားလုံးနီးပါးကို ဖျက်သိမ်းထားရပြီး ပြည်တွင်းခရီးစဉ်အနည်းငယ်သာပြေးဆွဲနိုင်သည်။ Ref: mmtimes

## မြန်မာ့စီးပွားရေးအပေါ် ကိုဗစ်၏ သက်ရောက်မှု ပြင်းထန်နိုင်

ဇွန် ၂၆ ။ ။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာ့စီးပွားရေးအခြေအနေအပေါ် ပြင်းထန်သည့်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဇွန်လ ၂၅ရက်ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်မှုအစီရင်ခံစာက ဆိုသည်။ ယေဘုယျခန့်မှန်းအခြေအနေအရ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် ၆.၈ရာခိုင်နှုန်းရှိရာမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ၀.၅ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းသည်။ ကပ်ရောဂါဆက်လက်ဖြစ်ပွားနေပါက စီးပွားရေးသည် ၂၀၁၉-၂၀ဘဏ္ဍာနှစ်တွင် ၂.၅ရာခိုင်နှုန်းသို့ကျုံ့သွားနိုင်ပြီး ၂၀၂၀-၂၁ဘဏ္ဍာနှစ်မှသာ ပြန်လည်နလန်ထူလာလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။ Ref: The Voice

## အကြီးဆုံးတောင်ဇလပ်နီပင် လွယ်မိုင်းတွင်တွေ့ရှိ

ဇွန် ၂၃ ။ ။ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနက ရင်စို့လုံးပတ်အကြီးဆုံးဟုယူဆရသော တောင်ဇလပ်ပင်ကြီးကို ဇွန်လ(၂၃)ရက်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မဲနယ်တောင်တန်း၏လွယ်မိုင်းအမည်ရှိတောင်ပေါ်တွင် တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ အဆိုပါတောင်ဇလပ်နီပင်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇,၀၀၀ကျော်အမြင့်၌တည်ရှိပြီး ရင်စို့လုံးပတ် (၉)ပေရှိသည်။ Ref: 7Day



## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အလုပ်အမှုဆောင်အစည်းအဝေးကျင်းပပြုလုပ်ခဲ့

ဇွန်၊ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင်အစည်းအဝေး(၂/၂၀၂၀)ကို ဇွန် ၂၅ရက် နေ့လယ်ပိုင်းက နိုဗိုတယ် ရန်ကုန်မက်စ် ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒု-ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အလုပ်အမှုဆောင်များနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။





အစည်းအဝေးတွင် ဥက္ကဋ္ဌဦးဇော်က ကိုဗစ်ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိကြောင်း၊ ငွေကြေးသုံးစွဲရာတွင် Finance and Marketing Committee ထံတင်ပြ၍ ခွင့်ပြုချက်ယူရန်နှင့် အခြားကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့ပြီး အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးက Standing Committeeအသီးသီး၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ Ref: mff

## ကိုဗစ်ကာလအတွင်း ပထမဆုံးပြန်စသော ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ အောင်မြင်စွာပြီးဆုံး



ဇွန် ၂၉

ထိပ်တန်းလိဂ်၅ခုအနက် ပထမဆုံးပြန်ကျင်းပခဲ့သည့် ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ ဇွန်လ ၂၇ရက်က အောင်မြင်စွာပြီးဆုံးခဲ့ရာ ချန်ပီယံဘိုင်ယန်မြူးနစ်၊ ဒေါ့မန်၊ လိုက်ပ်ဇစ်နှင့် ဂလက်ဘတ်တို့ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့ပြီး ဒူဆယ်ဒေါ့ဖ်နှင့်ပါဒါဘွန်းတို့ တန်းဆင်းခဲ့သည်။ ရာသီမကုန်မီ ချန်ပီယံဘိုင်ယန်သည် ဝုဖ်ဘတ်ကွင်းတွင် ကိုမန်း၊ ကူဆန်စီ၊ လီဝန်ဒေါ်စကီးနှင့် မူလာတို့၏ဂိုးများဖြင့် ၄ဂိုးပြတ်အနိုင်ရခဲ့ပြီး လိဂ်သွင်းဂိုး(၁၀၀)ပြည့်ခဲ့သည်။ Ref: mmtimes

## စခန်းဝင်မှုရပ်နားထားရသည့် မြားပစ်ကစားသမားများအား နေအိမ်၌လေ့ကျင့်စေရန်စီစဉ်နေ


ဇွန် ၂၉



မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းပ်စ်ကြောင့် စခန်းဝင်လေ့ကျင့်မှု ရပ်နားထားသည့် မြန်မာမြားပစ်ကစားသမားများအား နေအိမ်၌ လေ့ကျင့်စေရန် စီစဉ်နေကြောင်း သိရသည်။ မြန်မာမြားပစ်အဖွဲ့ချုပ်သည် မတ်လကတည်းက စခန်းဝင်လေ့ကျင့်မှုများ ရပ်နားထားခြင်းဖြစ်ပြီး ဇူလိုင်မှစတင်ကာ လေ့ကျင့်ရေးအစီအစဉ်များပေးပို့၍ နေအိမ်၌ လေ့ကျင့်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ Ref: dailyeleven




# Online CSR Ambassador Course သင်တန်းဖွင့်ပွဲတွင် ဦးဇော်ဇော် အဖွင့်မိန့်ခွန်းပြောကြား




ရန်ကုန်၊ ဇူလိုင် ၆

အာရှဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်သည် AFC နှင့် Aurora တို့ ပူးပေါင်း၍ စတင်ပို့ချလျက်ရှိသော Virtual Social Responsibility Summer School ၏ Online CSR Ambassador Course တွင် ဘာရိန်း၊ အီရတ်၊ အီရန်၊ ဂျော်ဒန်၊ ကူဝိတ်၊ လက်ဘနွန်၊ အိုမန်၊ ပါလက်စတိုင်း၊ ကာတာ၊ ဆော်ဒီအာရေဗီးယား၊ ဆီးရီးယား၊ ယူအေအီး၊ ယီမင်နိုင်ငံများမှ သင်တန်းသားများကို အွန်လိုင်းမှတစ်ဆင့် အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

Pilot သင်တန်းအဖြစ် စတင်ခဲ့သည့် အဆိုပါသင်တန်းသို့ အာရှအနောက်နိုင်ငံများမှ ၁၆-၁၇နှစ်အရွယ်လူငယ်များ တက်ရောက်သင်ကြားလျက်ရှိပြီး အဆိုပါသင်တန်းမှ လူငယ်သံတမန်များကိုရွေးချယ်ကာ Covid-19 အကျပ်အတည်းကာလတွင်း လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် စိုးရိမ်သောကများ၊ စိတ်ရှုပ်ထွေးမှုများ၊ ဖိအားများပြေလျော့စေရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်စေမည်ဖြစ်သည်။

Covid-19ကြောင့် အာရှနိုင်ငံများတွင် Lock Downချထားခြင်း၊ ကျောင်းများပိတ်ထားခြင်းအပြင် အားကစားလှုပ်ရှားမှုများပါ ကန့်သတ်ထားခြင်းကြောင့် လူငယ်များအတွက် ယခင်က မကြုံတွေ့ဖူးသည့် အခြေအနေအကျပ်အတည်းများနှင့် ရင်ဆိုင်နေရခြင်းဖြစ်ရာ ယခုအစီအစဉ်သည် Chairpersonအဖြစ် ဦးဇော်ဇော်ဦးဆောင်သည့် အာရှဘောလုံးအဖွဲ့ချုပ်၏ CSR ကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုလည်းဖြစ်သည်။

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်ပြီး ဘာတွေသိထားသင့်သလဲ





## ရောဂါကူးစက်ပုံ

- ကာလဝမ်းရောဂါပိုး(Vibrio Cholerae) ပါဝင်နေသောမသန့်ရှင်းသော အစားအစာနှင့်ရေမှ။
- မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင်အဖြစ်များ။
- ကာလဝမ်းရောဂါပိုးပါဝင်သည့် အစားအစာ/ရေ စားသောက်မိခြင်း၊ မသန့်ရှင်းသော အညစ်အကြေး မြေသြဇာများ ကိုင်တွယ်မိခြင်း။





## ရောဂါလက္ခဏာများ

- အူအတွင်းတွင် enterotoxinဟုခေါ်သော အဆိပ်ဓာတ်ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့်ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာဆုံးရှုံးစေ၍ အသက်သေဆုံးနိုင်။
- အရည်ဝမ်းများသွားခြင်း၊ ငါးညှီနံ့နံသောဆန်ဆေးရေကဲ့သို့ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အရေပြားကြဲ့/ဆန့်နိုင်အား လျော့ခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း၊ လျှာ၊ နှုတ်ခမ်းခြောက်သွေ့ခြင်း၊ ကြွက်တက်/သတိလစ်ခြင်း။


## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ

- အစာမစားမီ၊ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာဆေးပါ။
- တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုပါ။
- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
- ရေကို ကျိုချက်၍သောက်ပါ။
- အစားအစာများကိုကျက်အောင်ချက်စားပါ။
- အစားအစာများကို ဖုံးအုပ်ထားပါ။
- ခြင်၊ ယင်တို့မပေါက်ဖွားစေရန် ဂရုပြုပါ။




ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာ အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

ကိုးကား ~ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန